**(Burmese Version Below)**

# The Gwen Akiko Robinson Journalism Fellowship

*Shaping the story, shaping the storyteller, one journalist at a time*

The Gwen Akiko Robinson Journalism Fellowship supports 20 emerging and independent Myanmar journalists—both within the country and in exile—over a three-month period.

This fellowship is dedicated to Gwen Akiko Robinson; a journalist, mentor, and board advisor to Exile Hub. Gwen was not only a storyteller but also a mentor who shaped the next generation of journalists. By honoring her legacy, this fellowship recognizes that these journalists are already on the frontlines with important stories to share.

We are seeking fellows who share Gwen's values: journalists with grit, depth, and commitment, particularly those working without institutional backing. Her impactful coverage ranged from in-depth reporting on the Rohingya crisis in Cox's Bazar, to high-stakes analysis of Myanmar's political unraveling.

The fellowship aims to uphold Gwen's commitment to ethical journalism and her belief in amplifying unheard voices, particularly in repressive environments. Our focus is to provide these journalists with the time and resources they need to complete their work safely and effectively.

Interested applicants can submit:

- Ongoing journalistic work (articles, essays, interviews, investigative reports, multimedia pieces)
- New projects initiated during the fellowship period
- Works in progress from exile or within Myanmar
- Pieces published in any outlet or self-published, including exile media platforms

The key requirement is that the work must be grounded in ethical journalism, demonstrate regional awareness, and reflect your own voice and perspective.

**Key Details at a Glance:**
Who Can Apply: Women Journalists both within the country and in exile.
Fellowship period : July-September 2025
Submission of Work: October 1st 2025 (for record-keeping, showcasing, or optional publication)
How to Apply: Endorsement from trusted Organisations,, journalist collectives, and/or Women HRD groups.
Application Timeline: Rolling Basis (Applications will close once we have selected the grantees)

# Gwen Akiko Robinson စာနယ်ဇင်း မိတ်သဟာယအစီအစဉ်

Gwen Akiko Robinson စာနယ်ဇင်း မိတ်သဟာယအစီအစဉ် အနေဖြင့် ပြည်တွင်းနှင့် အဝေးရောက် မြန်မာနိုင်ငံသား အလွတ်သတင်းသမား အယောက် ၂၀ ကို သုံးလတာ ထောက်ပံ့ကူညီပေးသွားမည်ဖြစ်ပါသည်။

ဤမိတ်သဟာယအစီအစဉ်သည် စာနယ်ဇင်းပညာရှင်၊ သင်တန်းဆရာမ၊ Exile Hub ၏ ဘုတ်အဖွဲ့အကြံပေး အဖြစ် လုပ်ဆောင်ခဲ့သော Gwen အတွက် အမှတ်တရ ရည်စူးသော Fellowship ဖြစ်ပါသည်။ Gwen သည် သတင်းဇာတ်လမ်း တင်ဆက်သူတစ်ဦး ဖြစ်သည်သာမက မျိုးဆက်သစ် စာနယ်ဇင်းသမားများကို ပျိုးထောင်ပေးသူ ဆရာမတစ်ဦးလည်း ဖြစ်ပါသည်။ ထို့ကြောင့် Gwen ၏ ပညာအမွေကို လက်ဆင့်ကမ်း ဂုဏ်ပြုသည့်အနေဖြင့် ဤ အစီအစဉ်တွင် အရေးကြီးသတင်းဇာတ်လမ်းများကို တင်ဆက်ရန် ရှိနေသည့် စာနယ်ဇင်းလောက၏ ရှေ့တန်းမျက်နှာစာမှ သတင်းသမားများကို ရည်ရွယ်ပေးအပ်သွားမည် ဖြစ်ပါသည်။

Gwen လိုက်နာကျင့်သုံးခဲ့သည့် စာနယ်ဇင်းတန်ဖိုးများ ဖြစ်ကြသည့် ရဲစွမ်းသတ္တိရှိခြင်း၊ နက်နက်နဲနဲ ဖော်ထုတ်ရေးသားတတ်ခြင်းနှင့် သတင်းအလုပ်ကို စွဲစွဲမြဲမြဲဆောင်ရွက်ခြင်းဟူသော စံတန်ဖိုးများကို ဂဝမ် နည်းတူ ယုံကြည်ပြီး အဖွဲ့အစည်းနောက်ခံ မရှိသည့် စာနယ်ဇင်းသမားများကို ရှာဖွေ၍ ဤစာနယ်ဇင်း fellowship ကို ပေးအပ်သွားမည် ဖြစ်ပါသည်။ Gwen ရေးသားခဲ့သည့် ဩဇာကြီးသော သတင်းတင်ဆက်မှုများကို ကြည့်မည်ဆိုပါက သူမ၏ [အသေးစိတ် သတင်းတင်ဆက်မှု လက်ရာ]များကို [ကေ့ဗ်ဘဇား ရိုဟင်ဂျာ အကြပ်အတည်း]မှသည် [မြန်မာ့နိုင်ငံရေး ဝရုန်းသုန်းကားဖြစ်စဉ်]များနှင့် ပတ်သက်၍ အရေးပါသော သရုပ်ခွဲတင်ပြချက်များအထိ ပါဝင်ပါသည်။

ကျင့်ဝတ်ညီ စာနယ်ဇင်းလုပ်ငန်းအပေါ် Gwen ၏ သစ္စာစောင့်သိမှုနှင့် အဖိနှိပ်ခံ ရပ်ဝန်းမှ အပစ်ပယ်ခံအသံများကို ကျယ်လောင်စွာ ကြားနိုင်စေရေးဟူသော သူမ၏ ယုံကြည်ချက်တို့ကို ဤ Fellowship တွင် ဂုဏ်ပြုဖော်ညွှန်းသွားရန် ရည်ရွယ်ပါသည်။ ဤအစီအစဉ်နှင့် ပတ်သက်၍ အဓိက ဦးတည်ဆောင်ရွက်လိုသည်မှာ စာနယ်ဇင်းသမားများအား ၎င်းတို့ အလုပ်ကို လုံလုံခြုံခြုံနှင့် ထိထိရောက်ရောက် ပြီးမြောက်အောင်မြင်အောင် ဆောင်ရွက်နိုင်စေရေးအတွက် လိုအပ်သော အချိန်နှင့် အရင်းမြစ်များ ထောက်ပံ့သွားနိုင်ရေး ဖြစ်ပါသည်။

စိတ်ပါဝင်စားသူများအနေဖြင့် အောက်ပါတို့ကို ပေးပို့လျှောက်ထားနိုင်ပါသည်။

- လက်ရှိ ဆောင်ရွက်ဆဲ စာနယ်ဇင်းအလုပ် (သတင်းဆောင်းပါး၊ အက်ဆေး၊ အင်တာဗျူး၊ စုံစမ်းထောက်လှမ်း သတင်းအစီရင်ခံစာ၊ မာတီမီဒီယာ ဖန်တီးမှု)
- Fellowship ကာလအတွင်း ဆောင်ရွက်သွားမည့် ပရောဂျက်အသစ်များ
- အဝေးရောက် သို့မဟုတ် မြန်မာနိုင်ငံအတွင်း ဆောင်ရွက်လက်စ အလုပ်များ
- အဝေးရောက် သတင်းမီဒီယာ စာမျက်နှာများ အပါအဝင် သတင်းဌာန တစ်ခုခုတွင် ဖြစ်စေ၊ မိမိဘာသာဖြစ်စေ ပုံနှိပ်ထုတ်ဝေထားသည့် ရေးသားဖန်တီးမှု တစ်ခုခု

အဓိက လိုအပ်သည့် အချက်မှာ ပေးပို့လာသည့် သတင်း ဖန်တီးတင်ဆက်မှု/ရေးသားမှုသည် စာနယ်ဇင်း ကျင့်ဝတ်ခိုင်မာမှု၊ ဒေသတွင်းအခြေအနေ သိကျွမ်းနားလည်မှုနှင့် မိမိကိုယ်ပိုင်အသံ၊ ကိုယ်ပိုင် အမြင်တင်ဆက်နိုင်မှုတို့ကို ကောင်းစွာ ပြသနိုင်ရန် လိုအပ်ပါသည်။

**လိုအပ်ချက်အသေးစိတ်**

**လျှောက်ထားနိုင်သူ။** ပြည်တွင်းနှင့် အဝေးရောက် အမျိုးသမီး စာနယ်ဇင်းသမားများ
**Fellowship ကာလ။** ဇူလိုင် - စက်တင်ဘာ ၂၀၂၅
**ပေးပို့ရမည့် ရက်စွဲ။** ၂၀၂၅ ခုနှစ် အောက်တိုဘာ ၁ ရက် (မှတ်တမ်းထားရှိရန် (သို့) တင်ဆက်ရန် (သို့) ထုတ်ဝေမှု ပြုလုပ်ကောင်းပြုလုပ်ရန်)
**လျှောက်ထားရမည့်ပုံစံ။** လေးစားယုံကြည်ရသည့်အဖွဲ့အစည်းများ၊ စာနယ်ဇင်း အဖွဲ့အစည်းများ နှင့် / သို့မဟုတ် အမျိုးသမီး လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သည့် အဖွဲ့များထံမှ ထောက်ခံချက်၊
**လျှောက်လွှာသင်တမ်း။** လျှောက်ထားသူ အရေအတွက်ပေါ် မူတည် (fellowship လက်ခံရရှိသူများ ရွေးချယ် သတ်မှတ်ပြီးပါက လျှောက်လွှာပိတ်မည်ဖြစ်သည်။)